Green house ထဲတွင် ဝတ်မှုန်ကူးအင်းဆက်အဖြစ်အသုံးပြုနိုင်သောThe Common Green Bottle Fly, *Lucilia sericata* ဟုခေါ်သော အစိမ်းရောင်ရှိသောယင်ကောင်၏ သက်တမ်းနှင့် ပျံသန်းလှုပ်ရှားမှုများအပေါ် ကဖီးဓာတ်၏ အကျိုးသက်ရောက်မှုများ

ဦးရှိုင်းရှိန်းနိုင်
ဦးစီးအရာရှိ
သီးနှံကာကွယ်ရေးဌာနခွဲ


## သုတေသနအကျဉ်းချုပ်

### သုတေသနရည်ရွယ်ချက်

(၁) ကဖိန်းဓာတ်ပါဝင်မှုအမျိုးမျိုးတို့ကို *Lucilia sericata* ယင်ကောင်အားကျွေး၍ ၎င်း၏ သက်တမ်းကို လေ့လာခြင်း

(၂) Drosophila Activity Monitoring (DAM) system အင်းဆက်ပျံသန်းလှုပ်ရှားမှုတိုင်းစက်ကို အသုံးပြု၍ ကဖိန်းဓာတ်သည် *L.sericata* ယင်ကောင်၏ ပျံသန်းလှုပ်ရှားမှုများအပေါ် အကျိုးသက်ရောက်မှုကို ရှာဖွေဖော်ထုတ်ခြင်း။

### သုတေသန ပြုလုပ်ရာနေရာနှင့် အချိန်

ဂျပန်နိုင်ငံ၊ Okayama University၊ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ အထိ

### သုတေသနဆောင်ရွက်ပုံ

(၁) *L. sericata* ၏ အကောင်ကြီးများကို ကဖီးဓာတ်အမျိုးမျိုးကျွေး၍ *L. sericata* ယင်ကောင်များ၏ သက်တမ်းကို လေ့လာပါသည်။

(၂) DAM ကို အသုံးပြု၍ *L. sericata* ၏ ပျံသန်းလှုပ်ရှားမှုများကို လေ့လာနိုင်ရန် ယင်ကောင်များအား DAM ထဲတွင် ကဖီးဓာတ် (၀.၀၀၁% နှင့် ၀.၀၀၅ %) ကျွေး၍ (၅)ရက် ထားပြီး ၎င်းတို့၏ ပျံသန်းလှုပ်ရှားမှုများကို ကွန်ပြူတာနှင့် ချိတ်ဆက်၍ လေ့လာပါသည်။

(၃) ရရှိလာသော Data အချက်အလက်များကို Excel software, R-studio software (Tukey's Honest Significant Difference (HSD) Test) များ အသုံးပြု၍ တွက်ချက်မှုများ ပြုလုပ်ပါသည်။

### သုတေသနတွေ့ရှိချက်

(၁) ကဖီးဓာတ်သည် *L. sericata* ယင်ကောင်များ၏ သက်တမ်းကို ပြင်းအားပမာဏအပေါ်မူတည်၍ သက်ရောက်မှုရှိပါသည်။

(၂) ကဖီးဓာတ်သည် *L. sericata* ယင်ကောင်များ၏ လှုပ်ရှားပျံသန်းမှုများအပေါ်တွင်လည်း ပြင်းအားပမာဏနည်းတွင် ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။

### ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်

လေ့လာခဲ့ရသော ဘာသာရပ်ဆိုင်ရာနည်းပညာများနှင့် ဗဟုသုတများအား မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများထံ ဖြန့်ဝေပေးပြီး မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်သွားပါမည်။